# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

March 30 , 2023 Volume 64, Number 20


၃၀.၃.၂၀၂၃

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၉၆၃ US$ |
| မြန်မာ့ရွှေဈေး | = ၂၉၂၀၀၀၀ ကျပ် |
| ဒေါ်လာဈေး | = ၂၈၇၀ ကျပ် |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၈၁.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၈၀.၅ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၅၉၂.၂ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၀၆.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၅.၁၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၅၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၆၁.၄၆ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၄.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၁.၃၃၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသော်လည်း ဈေးကွက်တွင် တစ်ပိဿာကျပ် ၈၀၀၀ နီးပါးပေါက်ဈေးရှိနေ

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၄၄၄၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသော်လည်း လက်ရှိစားဆီဈေးကွက်တွင် တစ်ပိဿာကျပ် ၈၀၀၀ နီးပါးပေါက်ဈေးဖြစ်နေကြောင်းသိရသည်။

လက်ရှိပြည်တွင်းစားအုန်းဆီပေါက်ဈေးမှာ လက်ကားဈေးအချိန် ၁၀ ပိဿာလျှင် ၇၅၀၀၀ ပေါက်ဈေးရှိနေပြီး လက်လီဈေးမှာ တစ်ပိဿာကျပ် ၈၀၀၀ ခန့် ပေါက်ဈေး ရှိနေပြီး မြေပဲဆီလက်ကားဈေးမှာ တစ်ပိဿာကျပ် ၁၂၅၀၀ ပေါက်ဈေးရှိနေကြောင်း သိရသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ် တင်ပို့သည့် မလေးရှားနိုင်ငံနှင့်အင်ဒိုနီးရှားနိုင်ငံတို့တွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကား ရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့် နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့မှ ဧပြီလ ၂ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၄၄၄၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့အပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

**Source: မကွေးဂျာနယ်**

## ဆက်တက်သလို ကျဆင်းသွားသည့် မတ်ပဲဈေး ပြန်တက်လာ




အိန္ဒိယမှ လိုအပ်ချက်ရှိလာသည့်အတွက် ဆက်တက်သလို ကျဆင်းသွားသည့် ပြည်တွင်းမတ်ပဲဈေး ပြန်တက်လာကြောင်း ပဲကုန်သည်များထံမှ သိရသည်။

အိန္ဒိယတွင် ရာသီဥတုအပါအဝင် တခြားအကြောင်းအမျိုးမျိုးကြောင့် ပဲအထွက်နှုန်းနည်းခဲ့၍ မြန်မာပဲများ ဝယ်ယူလာသည့်အတွက် ပြည်တွင်းမတ်ပဲဈေးနှုန်းများ ပြန်လည် မြင့်တက်လာခြင်းဖြစ်ကြောင်း သိရသည်။

"ဆက်တက်သလိုနဲ့ကျသွားတဲ့ မတ်ပဲဈေးပြန်တက်လာတယ်။ ဒီဘက်မှာလည်း ပစ္စည်းက တကယ်မထွက်ဘူး၊ ထွက်တဲ့ အချိန်မို့ကျတာ၊ ဒီဘက်မှာ ပေါ်နေတဲ့အချိန် ရောင်းတော့ ကျသွားတယ်၊ တကယ်သိပ်ထွက်မလာတော့ ပြန်တက်လာတာ။ အိန္ဒိယဘက်မှာလဲ အထွက်လျော့တယ်။ အဓိက အိန္ဒိယလိုချက်ပါပဲ" ဟု အောင်လံမြို့မှ ပဲကုန်သည် ဦးအောင်မိုးကပြောသည်။

လက်ရှိ ရန်ကုန်ဈေး မတ်ပဲတစ်တန်လျှင် ယခင်က ၁၈သိန်း ၃သောင်းထိ ကျဆင်းသွားခဲ့ခြင်းဖြစ်ပြီး သိန်း ၂၀ နှင့် ၅သောင်းအထိ ပြန်တက်လာခြင်းဖြစ်ကြောင်းသိရသည်။ ယင်းအပြင်လက်ရှိ ပဲစင်းငုံတစ်တန်လျှင် ၂၄ သိန်းအထိ ပေါက်ဈေးရှိကြောင်းသိရသည်။

"အိန္ဒိယက ပဲတင်သွင်းမှုကို အခွန်ကင်းလွတ်ခွင့်ပေးထားတယ်။ FOB က ထပ်တက်ဖို့ရှိတယ်။ လက်ရှိ မတ်ပဲ FOB ဈေးက ၉၀၀ ထိရှိတယ်။ နောက်ထပ် ၉၅၀ လောက်ထိ ထပ်တက်ဖို့ရှိတယ် " ဟု ပဲပြည်ပတင်ပို့သူတစ်ဦးကပြောသည်။ ပြည်ပပေါက်ဈေး FOB အနေဖြင့် မတ်ပဲ တစ်တန်လျှင် ဒေါ်လာ ၉၀၀ ထိရှိပြီး ပဲစိမ်းငုံ တစ်တန်လျှင် ဒေါ်လာ ၁၀၀၀ ခန့်ထိရှိကြောင်း သိရသည်။ ယင်းအပြင် ပြည်တွင်းပဲအထွက်နှုန်းမှာ သွင်းအားစုဈေးနှုန်းတွေ မြင့်တက်နေမှုနှင့် တခြားပြည်တွင်း အခက်အခဲများကြောင့် စိုက်ကေများ လျော့ကျလျက်ရှိကြောင်းလည်းသိရသည်။

မြန်မာနိုင်ငံမှာအဓိကစိုက်ပျိုးသည့်ပဲအမျိုးအစားတွေဖြစ်သည့် မတ်ပဲ၊ ပဲစင်းငုံနှင့် ဈေးနှုန်းအပြောင်းအလဲမှာ အဓိက ဝယ်လက်နိုင်ငံဖြစ်သည့် အိန္ဒိယနိုင်ငံ ၏ ပဲတင်သွင်းမှုမူဝါဒအပေါ်မှာလည်း အများကြီးသက်ဆိုင်လျက်ရှိကြောင်းလည်း သိရသည်။

ပြည်ပသို့ ပဲတန်ချိန် တစ်နှစ်လျှင် ပျမ်းမျှ တစ်သိန်းခွဲခန့်ထိ တင်ပို့လျက်ရှိရာ ယခုနှစ်တွင် တင်ပို့မှုကျဆင်းနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပဲများကို အိန္ဒိယနိုင်ငံသို့ ၇၅ ရာခိုင်နှုန်းထိ တင်ပို့နေပြီး သီရိလင်္ကာ၊ နီပေါ၊ မလေးရှား၊ ထိုင်းနဲ့ UAE နိုင်ငံများကိုလည်း ပဲမျိုးစုံ တင်ပို့နေကြောင်းသိရသည်။

Source:(AMIA)

https://t.me/htwettoe

## တရုတ်က မွေးမြူရေးငါးတွေ မြန်မာကို ပြန်ရောင်း၊ ယခုနှစ်အတွင်း တန်ချိန် ၁၀၀ ကျော် တင်ပို့မည်

တရုတ်နိုင်ငံတောင်ပိုင်း ယူနန်ပြည်နယ် စစ်ဆောင်ပန်းနားစီရင်စုအခြေစိုက် တရုတ်ရေထွက်ကုန် ကုမ္ပဏီတစ်ခုကနေ မွေးမြူရေးငါးတွေ မြန်မာနိုင်ငံထံ ပြန်လည်တင်ပို့ရောင်းချခဲ့တယ်လို့ သိရှိရပါတယ်။

မြက်စားငါးကြင်းနဲ့ ငါးသိုင်း(ဝမ်းဖြူ)မျိုး ရေချိုငါးတွေကို နမ့်ဆန်းနယ်စပ်ဂိတ်မှတစ်ဆင့် တင်ပို့ရောင်းချခဲ့တာလို့ စစ်ဆောင်ပန်းနားအကောက်ခွန်ဌာနရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

အဆိုပါရေထွက်ကုန်တွေကို စစ်ဆောင်ပန်းနားအကောက်ခွန်ဌာနကနေ စစ်ဆေးမှုအောင်မြင်ပြီး အရည်အချင်းပြည့်မီတဲ့ ပထမဆုံး ရေထွက်ကုန်မွေးမြူရေးကုမ္ပဏီကနေ ပုံမှန်ကုန်သွယ်ရေးနည်းလမ်းနဲ့ တင်ပို့ခြင်းဖြစ်တယ်လို့ဆိုပါတယ်။

မြန်မာနိုင်ငံထံ စမ်းသပ်တင်ပို့ခဲ့တဲ့ မွေးမြူရေးငါး (မြက်စားငါးကြင်း၊ ငါးသိုင်းဝမ်းဖြူ) တန်ချိန် (၂.၇) တန်ရှိပြီး ပို့ကုန်တန်ဖိုး တရုတ်ယွမ် (၄၇၁၀၀) ရှိတယ်လို့ ဖော်ပြထားပါတယ်။

လက်ရှိ မြန်မာနိုင်ငံအနေနဲ့ ငါးအရှင်ဈေးကွက် လိုအပ်မှုမြင့်မားသောကြောင့် အဆိုပါ တရုတ်ရေထွက်ကုန်ကုမ္ပဏီကနေ ယခုနှစ်အတွင်း မွေးမြူရေးငါးတန်ချိန် (၁၀၀) ကျော် တင်ပို့ရောင်းချဖို့ လျာထားတယ်လို့ သိရှိရပါတယ်။

မြန်မာနိုင်ငံရဲ့ ရေထွက်ကုန်တင်ပို့မှုကလည်း ယခုနှစ် ဇန်နဝါရီလကုန်အထိ ၁၁ လအတွင်း ကန်ဒေါ်လာသန်း (၆၂၀) ကျော်ဖိုး တင်ပို့ရောင်းချထားပြီး နယ်စပ်ကနေတင်ပို့နိုင်မှုက ကန်ဒေါ်လာသန်း (၃၃၀) ကျော် ပါဝင်လျက်ရှိပါတယ်။

**Source: BETV Business**

## ကြက်သွန်နီအသစ်များ ဝင်ရောက်လာသော်လည်း ဈေးကွက်တည်ငြိမ်နေ




ကြက်သွန်နီသစ်များ ဈေးကွက်သို့ ဝင်ရောက်ချိန်တွင် ဈေးနှုန်းကျဆင်းလေ့ရှိသော်လည်း ယခုနှစ်တွင် ပြည်ပတင်ပို့မှုရှိနေသဖြင့် ဈေးကျဆင်းမှုမရှိပဲ ပုံမှန် အရောင်းအဝယ်ကောင်းလျက်ရှိကြောင်း သိရသည်။

"မတ်လ ၊ ဧပြီလဆိုရင် ကြက်သွန်နီအထွက်များလို့ ပွဲရုံနဲ့ ဈေးကွက်ထဲမှာ ကြက်သွန်နီအဝင်များလာတယ်။ ဟိုအရင်နှစ်တွေမှာ ဒီလိုအချိန်ဆိုရင် တစ်ပိဿာ ကျပ် ၃၀၀ လောက်ထိရောက်ခဲ့ဘူးပေမယ့် ပြည်ပဝယ်လိုအားကြောင့် အဲဒီဈေးမျိုး ဖြစ်မလာတော့ဘူး။ အနိမ့်ဆုံးက တစ်ပိဿာ ကျပ် ၇၀၀ ဝန်းကျင်မှာရှိတယ်။ ဈေးအတက်အကျ သိပ်မရှိဘူး" ဟု မန္တလေးမြို့ရှိ ကြက်သွန်ပွဲရုံတာဝန်ခံတစ်ဦးက ပြောသည်။

ယခုကာလတွင် ဒေသစုံမှ ကြက်သွန်နီသစ်များ ဈေးကွက်သို့ဝင်ရောက်နေပြီး တောင်သူအများစုက သိုလှောင်ထားခြင်းမရှိဘဲ တိုက်ရိုက်ရောင်းချနေသော်လည်း တစ်ဖက်တွင် ပြည်ပတင်ပို့မှုရှိနေသဖြင့် ဈေးနှုန်းကျဆင်းမသွားပဲ မတ်လ ဒုတိယပတ်ထက် လက်ကားဈေး တစ်ပိဿာလျှင် ကျပ် ၁၀၀ ဝန်းကျင်ပင် ဈေးမြင့်တက်လာခဲ့ကြောင်း သိရသည်။

လက်ရှိကြက်သွန်နီတစ်ပိဿာပေါက်ဈေးများအရ မြစ်သားထိပ်စမှာ ကျပ် ၁၈၀၀ ဝန်းကျင်၊ အကြမ်းအသေးမှာ ကျပ် ၁၀၀၀အောက်၊ အလတ် ကျပ် ၁၅၀၀ ဝန်းကျင်နှင့် ဆိပ်ဖြူကြက်သွန်နီမှာ ကျပ် ၁၀၅၀-၁၁၀၀ ဝန်းကျင်၊ မုံရွာကြက်သွန်နီ ကျပ် ၉၅၀-၁၁၀၀ ဝန်းကျင်ပေါက်ဈေးရှိကြောင်း သိရသည်။

"လှောင်လက်တွေက ခုပေါ်တဲ့ နွေစိုက်ကြက်သွန်ကို လှောင်ကြတယ်။ မိတ်စားကြက်သွန်က တော်သလင်း၊ သီတင်းကျွတ်မှာ စိုက်တယ်။ သူက လှောင်ရင် ကြာကြာအထားမခံဘူး။ အဲတုန်းက ထွက်အားလျော့နည်းခဲ့ပြီး တစ်ဧကကို ကြက်သွန်နီပိဿာချိန် ၁၀၀၀ နဲ့ အမြင့်ဆုံးက ၂၀၀၀ လောက်ပဲထွက်တယ်။ ခုပေါ်တာက ပိဿာချိန် ၃၀၀၀ လောက်ထွက်ကြတော့ ထွက်အားလည်းကောင်းတယ်"ဟု မြစ်သားမှ ကြက်သွန်နီပွဲစားတစ်ဦးက ပြောသည်။

၂၀၂၂ -၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ပြီးခဲ့သည့် ဖေဖော်ဝါရီလအထိ ပြည်ပသို့ ကြက်သွန်နီတင်ပို့မှုမှာ တန်ချိန် ၉၀,၀၀၀ ကျော်ရှိခဲ့ပြီး အများစုမှာ နယ်စပ်ကုန်သွယ်ရေးမှတစ်ဆင့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်းနိုင်ငံတို့သို့ တင်ပို့ခြင်းဖြစ်ကြောင်းနှင့် ယခုလာမည့်ဘဏ္ဍာနှစ်တွင် တန်ချိန် တစ်သိန်းကျော်တင်ပို့ရန် မျှော်မှန်းထားကြောင်း သိရသည်။

**Source: Awba**

## တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂန်ဆူးပြည်နယ်၊ Lanzhou မြို့တွင် The 29th China Lanzhou Investment and Trade Fair ကုန်စည်ပြပွဲ ကျင်းပမည်

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဂန်ဆူးပြည်နယ်၊ Lanzhou မြို့၌ ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၆ ရက်နေ့မှ ၁၀ ရက်နေ့အထိ The 29th China Lanzhou Investment and Trade Fair ကုန်စည်ပြပွဲကို ကျင်းပပြုလုပ်မည်ဖြစ်ပြီး ၎င်းကုန်စည်ပြပွဲသည် မြန်မာနိုင်ငံနှင့် ဂန်ဆူးပြည်နယ်တို့အကြား ချစ်ကြည်ရင်းနှီးမှုများဖလှယ်ခြင်းနှင့် စီးပွားရေးနှင့်ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို အားပေးမြှင့်တင်ရန်ဖြစ်သည့်အတွက် ဖိုရမ်များ၊ Guest Country of Honour, Guest Provinces of

Honour and Themes Cities အစီအစဉ်များ၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအစီစဉ်များနှင့် ကွန်ဖရင့်များကို ကျင်းပသွားမည်ဖြစ်ပါသည်။

အဆိုပါ ကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ လုပ်ငန်းရှင်များသာမက တရုတ်နိုင်ငံတွင် လာရောက်၍ စီးပွားရေးလုပ်ကိုင်နေသော မြန်မာလုပ်ငန်းရှင်များလည်း ပါဝင်ပြသနိုင်ပြီး မြန်မာပြခန်းဆောင် ခင်းကျင်းပြသမည်ဆိုပါက မြန်မာလုပ်ငန်းရှင်များအတွက် တည်းခိုနေထိုင်ရေးစရိတ် မပါဝင်သည့် အကျယ် (၃၀) စတုရန်းမီတာရှိသော ပြခန်းတစ်ခုကို (အခမဲ့) ထောက်ပံ့ပေးမည်ဖြစ်ပါကြောင်းနှင့် ပြပွဲသို့ အစိုးရပိုင်းမှ ကိုယ်စားလှယ်များ တက်ရောက်မည်ဆိုပါက Lanzhou မြို့၌ နေထိုင်စဉ်အတွင်း သွားလာရေးနှင့် တည်းခိုနေထိုင်နိုင်ရေးအတွက် (၂)ညအိပ် (၃) ရက်စာအတွက် အခန်း(၂)ခန်းကို ပြပွဲစီစဉ်သူမှ စီစဉ်ပေးမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

**Source: myantrade.gov.mm**

## G-20 အစည်းအဝေးများတွင် ရူပီးနှင့် ကုန်သွယ်မှုကို တွန်းအားပေးသွားမည်ဖြစ်ကြောင်း အိန္ဒိယအဆင့်မြင့်အရာရှိကြီးက ပြောကြား

အိန္ဒိယနိုင်ငံသည် G-20 ဥက္ကဋ္ဌ အဖြစ်တာဝန်ယူဆောင်ရွက်နေသည့်ကာလအတွင်း စီစဉ်ဆောင်ရွက်နေသော အစည်းအဝေး အခမ်းအနားများတွင် ရူပီးနှင့်ကုန်သွယ်မှုလုပ်ငန်းစဉ်ကို တွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အဆင့်မြင့်အရာရှိကြီးတစ်ဦးက တနင်္လာနေ့တွင် ပြောကြားခဲ့ပါသည်။

ငွေကြေးဆိုင်ရာဖိအားများနှင့် ရင်ဆိုင်နေရသောနိုင်ငံများအနေဖြင့် ရူပီးနှင့်ကုန်သွယ်မှုပြုခြင်းသည် အထောက်အပံ့ဖြစ်စေနိုင်မည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးအတွင်းဝန် Sunil Barthwal ကပြောကြားပါသည်။

အိန္ဒိယအနေဖြင့် လာမည့် G-20 ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုအဖွဲ့အစည်းအဝေးတွင် ရူပီးကုန်သွယ်မှုမြှင့်တင်ရန် အစီအစဉ် ရှိသလားဟု သတင်းထောက်၏ မေးမြန်းချက်အပေါ် Barthwal က ရူပီးနှင့်ကုန်သွယ်မှုဆောင်ရွက်လိုပါကြောင်း၊ အထူးသဖြင့် အခက်အခဲများနှင့် ရင်ဆိုင်နေရသည့်နိုင်ငံများဖြင့် ဆောင်ရွက်လိုကြောင်းဖြေကြားခဲ့ပါသည်။ ရူပီးနှင့် ကုန်သွယ်မှုကိစ္စသည် G-20 ဖိုရမ်နှင့် တိုက်ရိုက်သက်ဆိုင်ခြင်းမရှိကြောင်းလည်း Barthwal က ပြောကြားခဲ့ပါသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပြီးခဲ့သည့်နှစ် ငွေကြေးမတည်ငြိမ်မှုများဖြစ်ပေါ်ခဲ့သည့်ကာလအတွင်း ကုန်သွယ်မှုတွင် ရူပီးနှင့်ပေးချေမှုများကို စတင်ညှိနှိုင်းဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် နိုင်ငံပေါင်း ၁၈ နိုင်ငံနှင့် သဘောတူစာချုပ်များချုပ်ဆိုနိုင်ရန် ညှိနှိုင်းဆောင်ရွက်ထားပြီးဖြစ်ကြောင်းသိရှိရသည်။ အဆိုပါ ၁၈ နိုင်ငံမှာ ရုရှား၊ စင်္ကာပူ၊ သီရိလင်္ကာ၊ ဘော့ဆွာနာ၊ ဖီဂျီ၊ ဂျာမနီ၊ ဂိုင်ယာနာ (Guyana)၊ အစ္စရေး၊ ကင်ညာ၊ မလေးရှား၊ မောရေးရှ၊ မြန်မာ၊ နယူးဇီလန်၊ အိုမန်၊ ဆေးရှဲလ် (Seychelles)၊ တန်ဇန်းနီးယား၊ ယူဂန်နာနှင့် ဗြိတိန်နိုင်ငံတို့ဖြစ်ကြသည်။ အဆိုပါ ၁၈ နိုင်ငံမှ ဘဏ်များသည် အိန္ဒိယနိုင်ငံ Reserved Bank of India (RBI) ၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ အကောင့်များဖွင့်လှစ်နိုင်ရန်အတွက် အိန္ဒိယနိုင်ငံရှိ Authorised Dealer (AD) လိုင်စင်ရဘဏ်များနှင့် ဆက်သွယ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း ဘဏ္ဍာရေးဝန်ကြီးဖြစ်သူ Bhagwat Karad က ပြောကြားထားပါသည်။

အိန္ဒိယသည် G-20 အဖွဲ့၏ လက်ရှိသက်တမ်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်လျက်ရှိပါသည်။ ဘဏ္ဍာရေးမြို့တော်ဖြစ်သည့် မွန်ဘိုင်းမြို့တွင် အင်္ဂါနေ့မှ စတင်၍ ၃ ရက်တာ ကျင်းပပြုလုပ်မည့် အစည်းအဝေးသို့ G-20 အဖွဲ့ဝင်နိုင်ငံများ၊ အထူးဖိတ်ကြားထားသည့်နိုင်ငံများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ စုစုပေါင်း ၁၀၀ ဦးခန့် တက်ရောက်ကြမည်ဖြစ်ကြောင်း သိရှိရပါသည်။

ဝန်ကြီးဌာနအနေဖြင့် အစည်းအဝေးတွင် ဦးစားပေးဆွေးနွေးမည့် ကဏ္ဍ(၅)ခုကိုလည်း ပြင်ဆင်ထားရှိပြီးဖြစ်ကြောင်းနှင့် စက်တင်ဘာလတွင် ပြုလုပ်မည့် G-20 ခေါင်းဆောင်များအစည်းအဝေးအတွက် အထောက်အပံ့ဖြစ်စေမည်ဖြစ်ကြောင်း Barthwal က ပြောကြားသည်။ ဦးစားပေး ကဏ္ဍ ၅ ခုတွင် ကုန်သွယ်မှုနှင့်ကြီးပွားတိုးတက်မှုများ ပိုမိုဖြစ်ထွန်းလာစေရန် ဆောင်ရွက်နိုင်ရေး၊ ကမ္ဘာ့ထောက်ပံ့ပို့ဆောင်ရေးကွင်းဆက်အား ပိုမိုကြံ့ခိုင်နိုင်မှုရှိစေရန် ဆောင်ရွက်ရေး၊ ကုန်သွယ်မှုတွင် အသေးစားစီးပွားရေးလုပ်ငန်းများပါ ပေါင်းစည်းပါဝင်လာစေရေး နှင့် တူညီသည့်လုပ်ထုံးလုပ်နည်းများ ပြဋ္ဌာန်းခြင်းများ

အပါအဝင် ထောက်ပံ့ပို့ဆောင်မှုနည်းလမ်းများ ဖွံ့ဖြိုးတိုးတက်စေခြင်းတို့ပါဝင်ကြောင်း Barthwal က ပြောကြားပါသည်။

ဂုဂျာရတ်ပြည်နယ် Kevadia မြို့တွင် နောက်တစ်ကြိမ်ကျင်းပပြုလုပ်မည့် ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းအဖွဲ့ အစည်းအဝေးတွင်လည်း ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ ပြုပြင်ပြောင်းလဲရေးကို အိန္ဒိယကအဆိုပြုသွားမည်ဖြစ်ကြောင်း ကူးသန်းရောင်းဝယ်ရေးအတွင်းဝန်က ပြောကြားခဲ့ပါသည်။

**Source:** India to push the rupee trade in G-20 meeting: Official, 27-3-2023- The Economic Times

RBI allows banks from 18 countries to trade in rupees. What does it mean, 21-3-2023, WION news

**(စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)**

**myantrade.gov.mm**

## STOCK EXCHANGE (30.3.2023)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 30th Mar. 2023

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 200 | 1,600,000 | 33,109,694 | 264,878 |
| MTSH | 00002 | 3,100 | +50 | +1.64% | 3,050 | 3,100 | 3,050 | 313 | 956,250 | 38,929,150 | 120,680 |
| MCB | 00003 | 7,300 | +0 | +0.00% | 7,300 | 7,300 | 7,300 | 0 | 0 | 10,400,986 | 75,927 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 1,131 | 1,646,500 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 0 | 0 | 12,823,224 | 32,058 |
| EFR | 00006 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 19,977,223 | 52,940 |
| AMATA | 00007 | 4,800 | -100 | -2.04% | 4,900 | 5,000 | 4,800 | 23 | 112,700 | 10,497,598 | 50,389 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary


### Market summary

As of 30th Mar. 2023

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 363.98 | +0.51 | +0.14% | 362.63 | 365.17 | 362.63 | 1,667 | 4,315,450 | 7 | 641,369 |

**Index chart**



## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 30th Mar. 2022

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

## Main Board

As of 1:00 pm, 30th Mar. 2022

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 1,667 (Shares) | 4,315,450 (MMK) |

| MYANPIX | 363.98 ▲ 0.51 |
|---|---|
| Total Volume (shares) | 1,667 |
| Total Value (MMK) | 4 mil |
| Listed Company | 7 |
| Market Cap. (MMK) | 641,369 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,000 | ▲ 0 |
| MTSH | 00002 | 3,100 | ▲ 50 |
| MCB | 00003 | 7,300 | ▲ 0 |
| FPB | 00004 | 1,500 | ▲ 0 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 2,650 | ▲ 0 |
| AMATA | 00007 | 4,800 | ▼ 100 |

TIR